

## ၉။ လိုင်းနှင့် ကော်လံများအကြောင်း

### ၉.၁။ ကော်လံနှင့် လိုင်းကို အသစ်ထပ်တိုးခြင်း




ဒေတာများထည့်ထားသော Row/Column များအကြားတွင် Row/Column အသစ်ထပ်ထည့်လိုပါက Row/Column Heading ပေါ်တွင် right click > Insert ကိုနှိပ်ပါ။ Shortcut= Ctrl နှင့် plus key (+) ကို တွဲနှိပ်ပါ။


### ၉.၂။ ကော်လံနှင့် လိုင်းကို ဖျက်ခြင်း





မလိုအပ်သော Row/Column များကို ဖျက်လိုပါက ဖျက်ချင်သော Row/Column Heading ပေါ်တွင် right click > Delete ကိုနှိပ်ပါ။ Shortcut= Ctrl key နှင့် minus key (-) ကို တွဲနှိပ်ပါ။

### ၉.၃။ ကော်လံနှင့် လိုင်းများကို နေရာရွှေ့ခြင်း

Row/Column တစ်ခုလုံးအလိုက် နေရာရွှေ့လိုပါက Row/Column Heading ပေါ်တွင် right click > Cut ပြီးရင် ကိုယ်နေရာချချင်သော Row/Column ပေါ်မှာ right click > Insert Cut Cells





### ၉.၄။ ကော်လံနှင့် လိုင်းများကို copy ပွားခြင်း

Row/Column တစ်ခုလုံးကို copy ပွားလိုပါက Row/Column Heading ပေါ်တွင် right click > Copy ပြီးရင် ကိုယ်နေရာချချင်သော Row/Column ပေါ်မှာ right click > Insert Copied Cells

### ၉.၅။ ကော်လံနှင့် လိုင်းများကို အကျဉ်း/အကျယ် ပြုလုပ်ခြင်း


Row/Column အကျဉ်း/အကျယ်ပြုလုပ်လိုပါက Row Heading/Column Heading ပေါ်မှာ right click > Column width/ Row height နေရာတွင် နစ်သက်ရာတန်ဖိုးကို ရိုက်ထည့်ပါ။ ပြီးရင် OK ကို နှိပ်ပါ။

နောက်တစ်နည်း- ကော်လံအမည်နှစ်ခုကြားတွင် mouse ကိုရွှေ့ကြည့်ပါက ကြက်ခြေခတ်ပုံ ပေါ်လာရင် mouse ကို ဖိဆွဲ၍ အကျဉ်းအကျယ် လိုသလိုပြင်ပါ။




## ၉.၅။ ကော်လံနှင့် လိုင်းများကို ဖွက်ထားခြင်း

အချို့ Row/Column များကို မမြင်ရအောင် ပြုလုပ်လိုပါက Row Heading /Column Heading ပေါ်တွင် right click နှိပ်ပြီး Hide ကိုရွေးပါ။ shortcut အနေဖြင့် “Ctrl” နှင့် “9” ကို တွဲနှိပ်ပြီး ပြုလုပ်နိုင်ပါသည်။




ဥပမာ- Column B နှင့် C ကို hide လုပ်ချင်ရင် Column B နှင့် C ကိုရွေးမှတ်၊ right click > hide

Column B နှင့် C ကို ပြန်မြင်ချင်ရင် Column A မှ D ကို ရွေးမှတ်၊ right click > Unhide ကို ပြန်ရွေးပါ။

**သတိပြုရန်** - ဒေတာဖိုင်တွင် ကော်လံ အစီအစဉ်များ ကျော်နေပါက ကော်လံများကို ဖွက်ထားခြင်းဖြစ်ပြီး row အစီအစဉ်များ ကျော်နေပါက row များကို ဖွက်ထားခြင်းဖြစ်သည်။ သို့မဟုတ် freeze လုပ်ထားခြင်းဖြစ်သည်။ ဥပမာ- ကော်လံ A ပြီးရင် D ဖြစ်နေပါက ကော်လံ B နှင့် C ကို Hide လုပ်ထားခြင်း ဖြစ်သည်။ Row နံပါတ် 1,2,3 ပြီးရင် 6 ဖြစ်နေပါက Row 4,5 ကို Hide လုပ်ထားခြင်း ဖြစ်သည်။

